# မဒန်းရေလှောင်တမံစီမံကိန်း (ဆည်ရေသောက်စနစ်တည်ဆောက်ခြင်း)

- မဒန်းရေလှောင်တမံစီမံကိန်းသည် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်တွင်တည်ရှိပြီး အကျိုးပြုဧရိယာ (၆၀၀၀) ဧကကို ဆည်ရေပေးဝေနိုင်ရန် ရည်ရွယ်၍ ၂၀၀၄-၂၀၀၅ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါသည်။
- (၂၀၁၃-၂၀၁၄) ဘဏ္ဍာနှစ်ကုန်တွင် တမံ၊ ရေထုတ်ပြွန်၊ ရေပိုလွှဲနှင့် ရေလွှဲဆည်တည်ဆောက်ခြင်းလုပ်ငန်းများအားလုံး (၁၀၀) ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပါသည်။
- ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းကို (၂၀၁၂-၂၀၁၃) ဘဏ္ဍာနှစ်တွင် စတင်ခဲ့ရာ (၂၀၂၂-၂၀၂၃) ဘဏ္ဍာနှစ်အထိ ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်း (၆၈)ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပြီး လယ်မြေဧရိယာ စုစုပေါင်း (၃၂၀၀) ဧကကို ဆည်ရေဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။
- (၂၀၂၃-၂၀၂၄) ဘဏ္ဍာနှစ် ခွဲဝေရရှိရန်ပုံငွေ ကျပ်သန်း (၃၈၀၁.၂၇၃) ဖြင့် ဆောင်ရွက်ပါက ဆည်ရေသောက်စနစ်တည်ဆောက်ခြင်း လုပ်ငန်း တစ်ခုလုံး (၁၀၀) ရာခိုင်နှုန်း ပြီးစီးမည်ဖြစ်ပြီး ဘဏ္ဍာနှစ်ကုန်တွင် လယ်မြေဧရိယာ (၂၈၀၀) ဧကကို တိုးတက်ရေပေးဝေနိုင်မည်ဖြစ်သဖြင့် စုစုပေါင်း အကျိုးပြုဧရိယာ (၆၀၀၀) ဧကအား ရာနှုန်းပြည့်ရေပေးဝေနိုင်မည်ဖြစ်ပါသည်။

**မဒန်းရေလှောင်တမံစီမံကိန်း**

**စီမံကိန်းဆိုင်ရာအချက်အလက်များ**

| | | |
|---|---|---|
| (၁) တည်နေရာ | – | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေး မြို့နယ်၊နန္ဒင်းကျေးရွာအနီး |
| (၂) မြေပုံအညွှန်း | – | ၁ လက်မ = ၁ မိုင် စကေး (85 M/14V –300664) |
| (၃) ချောင်းအမည် | – | မဒန်းချောင်း |
| (၄) ရေဆင်းဧရိယာ | – | ၃၅ စတုရန်းမိုင် |
| (၅) နှစ်စဉ်ပျမ်းမျှ မိုးရေချိန် | – | ၄၅ လက်မ |
| (၆) နှစ်စဉ်ပျမ်းမျှစီးဝင်ရေ | – | ၂၇၀၀၀ ဧကပေ |
| (၇) တမံ | | |
| အမျိုးအစား | – | မြေသားတမံ |
| ပင်မတမံအမြင့် | – | ၁၀၁ ပေ |
| ကုန်းကြောတမံအမြင့် | – | ၃၀ ပေ |
| ပင်မတမံအလျား | – | ၈၃၀၅ ပေ |
| ကုန်းကြောတမံအလျား | – | ၁၈၅၀ ပေ |
| (၈) ကန်ရေပြည့်ရေလှောင်ပမာဏ | – | ၃၆၅၀၀ ဧကပေ |
| (၉) ကန်ရေသေပမာဏ | – | ၅၂၀၀ ဧကပေ |
| (၁၀) ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ | – | ၁၁၁၃ ဧက |
| (၁၁) တမံစတင်သည့်နှစ် | – | ၂၀၀၄ –၂၀၀၅ ခုနှစ် |
| (၁၂) တမံပြီးစီးသည့်နှစ် | – | ၂၀၀၉ – ၂၀၁၀ ခုနှစ် |

(၁၃) ရေထုတ်ပြွန်

| | | |
|---|---|---|
| အမျိုးအစား | – | သံကူကွန်ကရစ် |
| အရွယ်အစားနှင့်ခုရေ | – | ၆’ x ၄’ ၁ ပေါက် |
| အလျား | – | ၂၉၈ ပေ |
| ဒီဇိုင်းရေထုစီးနှုန်း | – | ၂၈၀ ကုဗပေ/စက္ကန့် |

(၁၄) ရေပိုလွှဲ

| | | |
|---|---|---|
| အမျိုးအစား | – | သံကူကွန်ကရစ် |
| အကျယ် | – | ၅၀ ပေ |
| အလျား | – | ၇၉၀ ပေ |
| ဒီဇိုင်းရေထုစီးနှုန်း | – | ၃၃၂၀ ကုဗပေ/စက္ကန့် |


(၁၅) ရေလွှဲဆည်

| | | |
|---|---|---|
| အမျိုးစား | – | သံကူကွန်ကရစ် |
| အကျယ် | – | ၄၀၀ ပေ |
| အမြင့် | – | ၇ ပေ |
| သဲထုတ်ရေတံခါး | – | ၈’ x ၉.၅’ x ၇ ပေါက် |
| ရေထိန်းတံခါး | – | ၅’ x ၄’ x ၂ ပေါက် |
| စတင်သည့်နှစ် | – | ၂၀၁၁ – ၂၀၁၂ ခုနှစ် |
| ပြီးစီးသည့်နှစ် | – | ၂၀၁၃ – ၂၀၁၄ ခုနှစ် |

(၁၆) ဆည်ရေသောက်စနစ်

| | | | |
|---|---|---|---|
| တူးမြောင်းမကြီးအလျား | – | ၆.၈၂ | မိုင် |
| လက်တံမြောင်းများအလျား | – | ၁၅.၁၉ | မိုင် |
| တူးမြောင်းအဆောက်အအုံ | – | ၃၁၂ | ခု |
| ဆည်ရေပေးဝေနိုင်မည့်ဧရိယာ | – | ၆၀၀၀ | ဧက |
| ဆည်ရေသောက်စတင်သည့်နှစ် | – | ၂၀၁၂ – ၂၀၁၃ ခုနှစ် | |
| ပြီးစီးမည့်နှစ် | – | ၂၀၂၃–၂၀၂၄ ခုနှစ် | |

# မဒန်းဆည်ရေသောက်စနစ် တည်နေရာပြမြေပုံ



# မဒန်းဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်း







